# ငရုတ်ကောင်းတွင် ကျရောက်တတ်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

**(၃) ဖိုက်သော်သရာမြစ်ခြောက်/ပင်ခြေပုပ် (Phytophthora root rot/ foot rot)**

**ရောဂါဖြစ်စေသက်ရှိ - *Phytophthora capsici* Leonian , *Phytophthora palmivora* (E. J. Butler) E. J. Butler**

**ရောဂါလက္ခဏာများ**

အပင်၏အောက်ခြေနှင့်အမြစ်ပိုင်းကို ဖိုက်သော်သရာမှ တိုက်ခိုက်ခံရပါကအပင်သေ သည် အထိဖြစ်စေသည်။ အမြစ်တွင်ရောဂါကျရောက်ပါက အမြစ်များပုပ်သွားသည်။ အောက်ခြေပိုင်း ပင်စည် တွင်ရောဂါကျရောက်ပါက မြေပြင်နှင့်ထိစပ်နေသော အောက်ခြေ ပင်စည်ပိုင်းတွင် အမည်းရောင် ရေစိုနာအကွက်ဖြစ်ပေါ်သည်။ ထို့နောက် ပင်စည်ကို တစ်ပတ်ပတ်မိပြီး ပင်ခြေ ပုပ်လာသည်။ အရွက်များဝါလာပြီး ကြွေကျသည်။ အပင်လည်း ခြောက်လာသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ရေဝပ်ခြင်းသည်ရောဂါကျရောက်မှုကိုအားပေးသဖြင့် စိုက်ခင်းရေစီးရေလာ ကောင်းမွန်အောင်ဆောင်ရွက်ပါ။
- ရောဂါရကြွေရွက်များ၊ အပင်များနှင့် ပင်ကြွင်းပင်ကျန်များအားနုတ်ယူ မီးရှို့ ဖျက်ဆီးပါ။
- ပေါင်းမြက်များကိုရှင်းလင်းပါ။
- စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်စဉ် အမြစ်များထိခိုက်မှုမရှိစေရန်ဂရုစိုက် ဆောင်ရွက်ပါ။

- နေရောင်ခြည်နှင့်လေဝင်လေထွက်ကောင်းမွန်စေရန် ငရုတ်ကောင်းတွယ်ကပ်ပေါက်ရောက်ရာမှီခိုပင်၏ အကိုင်းများအား ကိုင်းချိုင် ခြင်း ပြုလုပ်ပါ။

- ရောဂါကျရောက်ပါက Trifloxystrobin (ထရိုင်ဖလောက်ဆီစထရိုဘင်)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊ Metalaxyl (မီတယ်လဆီ)၊ Mancozeb (မန်ကိုဇက်) ဆေးများအား အရွက်များအားဖျန်းခြင်း၊ ပင်ခြေအားရွှဲရွှဲဖျန်းခြင်း (အရည်/အမှုန့်)၊ မြေကြီးထဲ ထည့်ခြင်း (အခဲ) တို့ပြုလုပ်ကာ နှိမ်နင်းနိုင်သည်။